## ကဲ ... စတင်လိုက်ရအောင် ...

### ဖြစ်စဉ်များကို စတင်ရိုက်ကူးခြင်း

သင်အခြားပြင်ဆင်သင့်သည်မှာ ထိထိရောက်ရောက်နှင့် အသုံးဝင်အောင် ဖြစ်စဉ်များအား မည်သို့ မှတ်တမ်းတင်ရိုက်ကူးသင့်သည်ကို နားလည်အောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဤသင်ခန်းစာတွင် ရှိနှင့်ပြီးသား အကြောင်းအရာများအပြင် StoryMaker App မှ လေ့ကျင့်ခန်းအချို့ကို မျှဝေတင်ပြထားပါသည်။ StoryMaker App ကို Guradian project, Scal.io, Free Press Unlimited နှင့် V4C အသင်းဝင် Small World News တို့မှ ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်သည်။

### ဖြစ်စဉ်တစ်ခုကို အစဉ်လိုက်ရရှိအောင် ဘယ်လိုရိုက်ကူးရမလဲ?



ရိုက်ကူးမှုများကို တစုတစည်းတည်း ေ
ပါင်းစပ်လိုက်သောအခါ ဖြစ်စဉ်တစ်ခု၏
ဇာတ်ကွက်များဖြစ်လာသည်။
တခုနှင့်တခုအချိတ်အဆက်မိမိဖြင့်
ရိုက်ကူးမှုများကိုဖန်တီးပြီးသောအခါ
ဇာတ်ကွက်တစ်ခုခြင်းစီသည်
ဖြစ်စဉ်တစ်ခုကိုဖော်ပြနိုင်မည်ဖြစ်ပြီး ရိုက်ကူးမှု
ငါးခုစီတိုင်း၏ ဖြစ်စဉ်များကိုပေါင်းလိုက်သောအခါ
ပြီးပြည့်စုံသော video တစ်ခု ဖြစ်သွားသည်။
ဇာတ်ကွက်အစီအစဉ်တစ်ခု ရိုက်ရန်အတွက်
ဇာတ်ကျောရိုးတွင်ပါဝင်သော အရာများကို တစ်ခုချင်းစီ
ကဏ္ဍခွဲရန်လိုအပ်သည်။
နည်းနည်းလေးလည်းဖြစ်သွားနိုင်သည်။
များချင်လည်းများသွားနိုင်သည်။
သို့သော်ဇာတ်ကွက်များကို မှန်ကန်စွာ မစုစည်းမီ
သင်ခွဲထားသော ကဏ္ဍအစိတ်အပိုင်းအကုန်လုံးကို
သိထားရန်လိုအပ်သည်။

ဥပမာတစ်ခု ပြောရလျှင် နာမည်ကြီးသော သစ်သီးတန်းတစ်ခုအကြောင်း သင်ရိုက်နေပြီး တစ်ယောက်ယောက်သစ်သီးဝယ်နေပုံကို သင်ပြချင်သည်ဆိုပါစို့။
သစ်သီးဝယ်မဲ့သူကို ကျွန်ုပ်တို့မြင်အောင်ပြရမည်။
သစ်သီးကို မြင်အောင်ပြရမည်။
ထိုအသီးအတွက် ပိုက်ဆံပေးနေသည့် သူကို လည်း ကျွန်ုပ်တို့မြင်အောင်ပြရမည်ဖြစ်သည်။

http://storymaker.cc/appdata/lessons/en/5/5.10/6.mp4

ထိုအစီအစဉ်အတိုင်းရိုက်ကူးထားသည့် သုံးကွက်ပါသော အစဉ်လိုက်ဇာတ်ကွက်တစ်ခုသည် ရိုးရှင်းသော်လည်း ပြီးပြည့်စုံသော ဇာတ်လမ်းတစ်ခု ဖြစ်လာစေသည်။ မိမိရိုက်ကူးမည့်အစီအစဉ်ကို ေ ကာင်းမွန်စွာ သိရှိထားခြင်းအားဖြင့် အဆင်ပြေသလို လွတ်လပ်စွာရိုက်ကူးနိုင်မည်ဖြစ်သည်။ ေနာက်ဆုံးတွင်တော သင်ပြောလိုသော ဖြစ်စဉ်တစ်ခုရရှိရန် အားလုံးကို အစီအစဉ်တကျ ပြန်လည် စုစည်းပေးရပါမည်။

ရိုက်ကူးမှုများသည် ဇာတ်လမ်း၏ အစ အလယ်အဆုံးများဖြစ်သည်။ လူတစ်ယောက်၊ သစ်သီးတလုံး၊ ထိုသစ်သီးအတွက် ငွေပေးချေခြင်းများပါဝင်နေသည်။ ဤဇာတ်လမ်းသည်အလွန်ရိုးရှင်းသော်လည်း အဆင်ပြေသည်။ သစ်သီးရောင်းသူနှင့် ဝယ်သူအကြား တွေ့ဆုံမေးမြန်းခန်းပင်ထည့်နိုင်သည်။ ရိုက်ကွင်းနေရာကို သိရှိစေရန်အကျယ်ချဲ့ပြီးလည်းရိုက်ပြနိုင်သည်။
အစဉ်လိုက်ဇာတ်ကွက်များကို သင်ရိုက်ကူးနေသောအချိန်တွင် ဇာတ်လမ်းအတွင်းစိတ်နှစ်ထားပြီးရိုက်ကူးပါ။ သို့မှသာမည်သို့သောရိုက်ကူးမှုများလိုအပ်နေသေးသည်ကို သင့်ကိုသင် သတိပေးနိုင်မည်ဖြစ်သည်။ သင်တင်ပြလိုသောဖြစ်စဉ်မည်မျှပင်ရှုပ်ထွေးစေကာမူ အစ အလယ် အဆုံး ဆိုသော အပိုင်းသုံးပိုင်း ခွဲကာ ရိုက်ကူးရန် မမေ့ပါနှင့်။ တပိုင်းစီအတွက် ပါဝင်ရမည့်အရာများ လုပ်ဆောင်မှုများ ခြားနားနိုင်ပြီး ရိုက်ကူးမှုများပြားနိုင်သည်။ မည်သို့ပင်ဆိုစေ နောက်ဆုံးချုပ်လိုက်သည့်အခါ အပိုင်းသုံးပိုင်းပါဝင်သော ဇာတ်ကွက်ရိုက်ကူးမှုသာဖြစ်သည်။ အချို့ဇာတ်လမ်းများတွင် ဖြစ်စဉ်၏အပိုင်းတပိုင်းစီအတွက် ဇာတ်ကွက် ၅ ကွက် သို့မဟုတ် ၅ကွက်ထက်ပိုပြီးလည်း ရှိနိုင်လိမ့်မည်။

http://storymaker.cc/appdata/lessons/en/5/5.10/7.mp4

ဇာတ်လမ်းသေချာမသိသော အချိန်တွင် အသုံးပြုရန်အကောင်းဆုံးနည်းလမ်းမှာ အဝေး ဇာတ်ကွက်များမှ စတင်ရိုက်ကူးရန်ဖြစ်သည်။ အကယ်၍သင့်ရိုက်ကူးမှုများသည် အစီအစဉ်အတိုင်းဖြစ်နေပါက အစဉ်အဆက်အတိုင်းဖြစ်နေသည်ဟုခံစားရမည်ဖြစ်သည်။အခြေခံရိုက်ချက် ငါးချက်ကိုသုံးခြင်းဖြင့် သင့်ရိုက်ကွင်းတွင် အမျိုးမျိုးသော ရိုက်ချက်များကို ထည့်သွင်းနိုင်ပေသည်။

သတိပြုရန်အချက်များ

- မည်သည့်အောင်မြင်သည့် ရိုက်ကူးမှုတွင်မဆို မည်သူ၊မည်သည့်အကြောင်း၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည်ကြောင့်၊ မည်သို့ဖြင့် ဟု ခေါ်သော အရေးကြီးသော မေးခွန်း၆ခုအတွက် အဖြေပါဝင်သည်။
- မေးခွန်းတခုစီအတွက် အဖြေတစ်ခုထက်ပိုနိုင်ပြီး မေးခွန်းတိုင်းအတွက် ဖြေဆိုနိုင်မှသာ သင်၏ရိုက်ကူးမှုအောင်မြင်ကောင်းမွန်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။
- ထိရောက်သော ရိုက်ကူးမှုတစ်ခုဖန်တီးခြင်းဆိုသည်မှာ ဖြစ်စဉ်တစ်ခုအား ပြီးပြည့်စုံစေမည့် လိုအပ်သော ဇာတ်ကွက်အစိတ်အပိုင်းများကို ပုံစံအမျိုးမျိုးဖြင့် ရိုက်ပြနိုင်ခြင်းပင်ဖြစ်သည်။
- အမျိုးမျိုးသော ဇာတ်ကွက်များကို စုစည်းပြီးသောအခါ ရှုပ်ထွေးနက်နဲသော ဇာတ်လမ်းတစ်ပုဒ်ကို သင်ဖန်တီးနိုင်ပြီဖြစ်သည်။